
www.kidsofdestiny.org
Kids of Destiny©
Reaching the Next Generation

Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.com

## 1.12 ယာကုပ်အတွက်ဇနီး

ကမ္ဘာဦးကျမ်း ၂၉

ယာကုပ်ဟာ ဣဇက်နဲ့ရေဗက္ကတို့ရဲ့သားဖြစ်ပါတယ်။ သူ့ဟာသူ့ဖခင်ဣဇက်ဆီကနေ အထူးကောင်းချီးကို ရခဲ့တယ်။ ဧသောဟာ သူရရှိမယ့်  သူ့ဖခင်ဆီကကောင်းချီးအားလုံးကို ယာကုပ်ကလှည့်စားယူသွားလို့ သူအရမ်းစိတ်ဆိုးတယ်။ ဧသောက သူ့ညီယာကုပ် အပေါ်မှာစိတ်ဆိုးနေတာကိုသိလို့ သူတို့မိခင်ရေဗက္ကက သူမအစ်ကိုနေထိုင်တဲ့ဒေသမှာ သွားနေဖို့ ယာကုပ်ကိုလွှတ်လိုက်တယ်။ ရေဗက္ကရဲ့အစ်ကိုနာမည်ကလာဗန်။

ယာကုပ်ဟာ ရက်တချို့ကြာအောင်ခရီးသွားခဲ့တယ်။ နောက်ဆုံးတော့ သူ့မိခင်ရဲ့နေရင်းဒေသကို သူရောက်သွားတယ်။ သူဟာ လယ်ယာမြေအချို့ကိုဖြတ်လျှောက်သွားပြီး တိရစ္ဆာန်လေးတွေရေသောက်တဲ့ရေတွင်းကို သူတွေ့ခဲ့တယ်။ အဲ့တိရစ္ဆာန်တွေကို ဘယ်သူကစောင့်ရှောက်တာလဲလို့ အနီးနားကလူတွေကို သူမေးခဲ့တယ်။ လာဗန်လို့ခေါ်တဲ့လူကို သိကြလားလို့ သူတို့ကိုသူထပ်မေးတယ်။

"လာဗန်ကို ငါတို့သိတယ်။ ကြည့်ပါ သူ့သမီးရာခေလက သူ့သိုးတွေကိုထိန်းကျောင်းရင်း လာနေတယ်" လို့ အဲ့လူတွေက ပြန်ဖြေတယ်။ ရာခေလဟာ သူ့ဖခင်ရဲ့တိရိစ္ဆာန်ငယ်လေးတွေကို စောင့်ရှောက်ပေးတယ်။

ယာကုပ်ဟာ အနီးနားချဉ်းကပ်လာပြီး တိရစ္ဆာန်ငယ်တွေကို ရေတိုက်ဖို့ကူညီပေးတယ်။ သူက ရာခေလကိုပွေ့ဖက်နမ်းရှုပ်ပြီး အသံကျယ်ကြီးနဲ့ငိုကြွေးတယ်။ သူ့မိခင်ရဲ့မိသားစုကိုတွေ့ရလို့ သူအရမ်းဝမ်းသာခဲ့တယ်။ သူဟာ သူမဖခင်ရဲ့အစ်မရေဗက္ကရဲ့ သားဖြစ်တယ်လို့ ရာခေလကို သူပြောပြတယ်။

ရေဗက္ကမောင်လာဗန်ဟာ ယာကုပ်ကိုတွေ့တော့ အရမ်းဝမ်းသာတယ်။ "ငါတို့ဟာ မိသားစုဖြစ်တယ်" လို့လာဗန်က ပြောတယ်။လာဗန်မှာ လေအာနဲ့ရာခေလဆိုတဲ့ သမီးနှစ်ယောက်ရှိတယ်။ ရာခေလဟာ အရမ်းလှပသူဖြစ်လို့ ယာကုပ်ကသူ့ကို လက်ထပ်ချင် တယ်။ ရာခေလကို သူ့ဇနီးအဖြစ်လက်ထပ်ဖို့အတွက် လာဗန်ဆီမှာ ခုနှစ်နှစ်အလုပ်လုပ်ပေးမယ်လို့ လာဗန်ကိုပြောတယ်။ လာဗန် လည်း သဘောတူခဲ့တယ်။

ခုနှစ်နှစ်ကြာပြီးတဲ့နောက် လာဗန်ဟာသူ့ကတိအတိုင်းရာခေလနဲ့ပေးစားဖို့ ယာကုပ်ကသူ့ကို ပြန်သတိပေးတယ်။ မင်္ဂလာပွဲ ကျင်းပ ခဲ့တယ်။ အကြီးအကျယ်ပွဲလုပ်တယ်။ လာဗန်ဟာသူ့မိတ်ဆွေတွေနဲ့အတူ ပွဲလုပ်တယ်။ အဲဒီအချိန်တုန်းက သတို့သမီးဟာ သူတို့ မျက်နှာကို ဖုံးအုပ်ထားရတယ်။ မင်္ဂလာဆောင်ပြီးနောက်နေ့မနက်ထိ ယာကုပ်ဟာ သူ့ဇနီးမျက်နှာကို မမြင်ခဲ့ရဘူး။ ယာကုပ် အံ့အားသင့်ခဲ့ရတယ်။ သူလက်ထပ်တာ ရာခေလ မဟုတ်ခဲ့ဘူး။ သူ့ကိုယ်စား သူ့အစ်မလေအာကို လက်ထပ်ခဲ့တာဖြစ်နေတယ်။

"ငါ့ကိုဘာလုပ်လိုက်တာလဲ?" လို့လာဗန်ကို ယာကုပ်ကမေးတယ်။ "ရာခေလကိုလက်ထပ်ဖို့ ခုနှစ်နှစ်တောင် အလုပ်လုပ်ခဲ့တာ၊ ဘာဖြစ်လို့ ငါ့ကို လှည့်စားပြီး လေအာနဲ့လက်ထပ်စေတာလဲ?"

"လေအာဟာ သမီးကြီးဖြစ်တယ်။ ငါတို့ထုံးတမ်းစဉ်လာအရ သမီးကြီးကိုကျော်ပြီး သမီးငယ်ကို လက်ထပ်ပေးလို့မရဘူး။ ဒါပေမယ့် လေအာနဲ့လက်ထပ်ပြီးနောက်တစ်ပတ်စောင့်ပါ၊ ရာခေလကို လက်ထပ်ဖို့ ခွင့်ပေးမယ်။ ဒါပေမယ့် နောက်ထပ်ခုနှစ်နှစ်ထပ်ပြီး ငါ့အတွက် အလုပ်လုပ်ပေးရမယ်" လို့ လာဗန်ကပြန်ဖြေတယ်။

ယာကုပ်လည်း သဘောတူခဲ့တယ်။ နောက်တစ်ပတ်ကြာတော့ ရာခေလကို သူလက်ထပ်ခဲ့တယ်။ ရာခေလကို လေအာထက် သူပိုချစ်ခဲ့တယ်။

အဲဒီဒေသမှာ သူဆက်နေပြီး လာဗန်အတွက် နောက်ထပ်ခုနှစ်နှစ် အလုပ်လုပ်ပေးခဲ့တယ်။

## 1.12 ယာကုပ်အတွက်ဇနီး - ဆရာလမ်းညွှန်

အဓိကအချက်များ

၁) ယာကုပ်အစ်ကိုဧသောဟာ ယာကုပ်အပေါ်အရမ်းစိတ်ဆိုးတယ်။ ဧသောရမယ့် သူ့အဖေရဲ့ဇက်ဆီကကောင်းချီးတွေကို ယာကုပ်ရယူသွားခဲ့တယ်။ ဧသောရဲ့ဒေါသကြောင့် သူ့မိခင်ရေဗက္ကာဟာ ယာကုပ်ကို သူမအစ်ကိုလာဗန်ရှိရာဒေသ သွားရှောင်စေ ခဲ့တယ်။

၂) ယာကုပ်ဟာ သူ့မိခင်မိသားစုရဲ့နေရင်းဒေသကိုရောက်တဲ့အခါမှာ ရာခေလနဲ့တွေ့ခဲ့ပါတယ်။ ရာခေလဟာ ရေဗက္ကာရဲ့အစ်ကို လာဗန်ရဲ့သမီး ဖြစ်တယ်။ ရာခေလဟာ အရမ်းလှပသူဖြစ်ပြီး၊ ယာကုပ်ကသူမကိုလက်ထပ်ချင်တယ်။

၃) ရာခေလကို လက်ထပ်လို့ရမလားလို့ ယာကုပ်ကမေးတယ်။ သူမရဲ့ဖခင်လာဗန်က ရပါတယ်။ ဒါပေမယ့် ယာကုပ်အနေနဲ့ သူ့အတွက်ခုနှစ်နှစ် အလုပ်လုပ်ပေးရမယ်လို့ပြောတယ်။ ယာကုပ်လည်းသဘောတူခဲ့တယ်။

၄) ခုနှစ်နှစ်ကြာပြီးနောက် လာဗန်ဟာ မင်္ဂလာဆောင်ပွဲကျင်းပပေးခဲ့တယ်။ ဒါပေမယ့် လာဗန်ဟာလှည့်စားပြီး ရာခေလနေရာမှာ လေအာကို လက်ထပ်စေခဲ့တယ်။

၅) ယာကုပ်ဟာလာဗန်ကိုစိတ်ဆိုးတယ်။ ယာကုပ်က ရာခေလကိုလက်ထပ်ဖို့ နောက်ထပ်ခုနှစ်နှစ်လာဗန်အတွက် ဆက်အလုပ်လုပ် ပေးမယ်လို့ သဘောတူလို့ နောက်တစ်ပတ်အကြာမှာ ရာခေလနဲ့ယာကုပ်ကိုလက်ထပ်ခွင့်ပေးခဲ့တယ်။ အဲဒီနောက်ပိုင်း ယာကုပ်ဟာ ရာခေလကို လေအာထက်ပိုပြီး ချစ်ခဲ့တယ်။

မေးခွန်းများ

၁) ယာကုပ်ရဲ့မိခင်ဟာ ယာကုပ်ကို ဘာ့ကြောင့်သူမအစ်ကိုနေထိုင်တဲ့ဒေသကို သွားခိုင်းတာလဲ?

၂) ယာကုပ်ရောက်သွားချိန်မှာ ဘယ်သူနဲ့တွေလဲ?

၃) ရာခေလရဲ့ဖခင်ဟာ ဘယ်သူလဲ?

၄) ရာခေလကိုလက်ထပ်ဖို့ ယာကုပ်အနေနဲ့ လာဗန်အတွက် ဘယ်နှစ်နှစ်အလုပ်လုပ်ပေးရသလဲ?

၅) လာဗန်ကယာကုပ်ကို ဘယ်လိုလှည့်စားခဲ့သလဲ?

၆) ရာခေလကိုလက်ထပ်ပြီး ယာကုပ်အနေနဲ့ ဘာတွေထပ်ပြီးလုပ်ခဲ့ရလဲ?

အဖြေများ

၁) သူ့ရဲ့အစ်ကိုဧသောဟာ သူ့အပေါ်အရမ်းစိတ်ဆိုးတဲ့အတွက်ကြောင့် ယာကုပ်ရဲ့မိခင်ဟာ သူမရဲ့အစ်ကိုဆီသွားစေခဲ့တာ ဖြစ်ပါတယ်။

၂) သူ့မိခင်သွားခိုင်းတဲ့ဒေသကိုရောက်သွားပြီးနောက်မှာ သူဟာရာခေလနဲ့တွေ့ခဲ့ပါတယ်။

၃) ရာခေလရဲ့ဖခင်ဟာ ရေဗက္ကာရဲ့အစ်ကိုလာဗန်ဖြစ်ပါတယ်။

၄) ယာကုပ်ဟာရာခေလကိုလက်ထပ်ဖို့ လာဗန်အတွက် ခုနှစ်နှစ်အလုပ်လုပ်ပေးခဲ့ရပါတယ်။

၅) လာဗန်ဟာ ရာခေလနေရာမှာလေအာကို အစားထိုးပြီး ယာကုပ်နဲ့မင်္ဂလာဆောင်ပေးခြင်းအားဖြင့် လှည့်စားခဲ့ပါတယ်။

၆) ရာခေလကိုလက်ထပ်ပြီးနောက် ယာကုပ်အနေနဲ့လာဗန်အတွက် နောက်ထပ်ခုနှစ်နှစ်အလုပ်လုပ်ပေးခဲ့ပါတယ်။

ကမ္ဘာဦးကျမ်း ၂၉


www.kidsofdestiny.org